# Musoni နှင့် ThitsaWorks တို့ အကျိုးတူလက်တွဲ၍ မြန်မာ့ အသေးစားချေးငွေလုပ်ငန်းဆိုင်ရာ ဆော့ဝဲ (Software) ကို ပြန်လည်ဆန်းသစ်

ရန်ကုန်၊ အမ်စတာဒမ်
၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၁ရက်

Musoni သည် မြန်မာနိုင်ငံ နှင့် အမေရိကန်နိုင်ငံတွင် အခြေစိုက်လျှက်ရှိသော ဘဏ္ဍာရေးဆိုင်ရာ နည်းပညာများကို ပံ့ပိုးနေသည့် ThitsaWorks နှင့်အကျိုးတူပူးပေါင်းလိုက်ကြောင်း ယနေ့ကြေညာလိုက်သည်။ ThitsaWorks သည်မြန်မာနိုင်ငံအတွင်းရှိ ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ ဘဏ္ဍာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနည်းပညာကဏ္ဍမှ ဆုပေါင်းများစွာကိုဆွတ်ခူးရယူထားသော Musoni ၏ Core Banking System (ခေါ်) ပင်မဘဏ်လုပ်ငန်းစနစ်ကိုဝန်ဆောင်အဖြစ်ပေးအပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အသေးစားငွေချေးသော အဖွဲ့အစည်းအများအပြားသည် ခေတ်နှင့်လျော်ညီခြင်းမရှိသောစနစ်များကို ဆက်လက်အသုံးပြုလျှက်ရှိနေသဖြင့် နောက်ဆုံးပေါ်ခေတ်မီနည်းပညာကို အသုံးပြုရန်ခက်ခဲလျှက်ရှိနေပြီး၊ ၎င်းတို့ထံတွင် ငွေချေးမည့် အများပြည်သူကို ထိရောက်သော ဝန်ဆောင်မှုများမပေးနိုင်သည် ကိုတွေ့ရှိရသည်။ သို့ရာတွင်၊ Musoni သည် အသေးစားချေးငွေကဏ္ဍတွင် နောက်ဆုံးပေါ် ခေတ်မီနည်းပညာများစတင်အသုံးပြုခြင်းကို ဦးဆောင်ဦးရွက်ပြု၍မိုဘိုင်းဖုန်းမှတဆင့် တစ်ကြိမ်တည်းဖြင့် ငွေလွှဲခြင်းများစွာပြုလုပ်နိုင်သောဝန်ဆောင်မှုများ၊ ငွေပေးချေရန်ရှိသည်များကို အလိုအလျောက် သတိပေးသည့် SMS (ခေါ်) စာတိုပေးပို့ခြင်းစနစ် အပါအဝင်၊ ချေးငွေအရာရှိများအနေဖြင့် တက်ဘလက် (tablet) များဖြင့် အင်တာနက်အသုံးပြုစရာ မလိုပဲ သတင်းအချက်အလက်များရယူနိုင်သော အပ္ပလီကေးရှင်း (App) ၊ သုံးစွဲသူများ အတွက် မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်သော ဘဏ်လုပ်ငန်းအပ္ပလီကေးရှင်း (App) နှင့် ငွေချေးရန် အဆုံးအဖြတ်ပေးရာတွင် အထောက်အကူပြုသည့် ချေးငွေဆိုင်ရာ အမှတ်ပေးစည်းမျဉ်း စသည့် ထိရောက်မြန်ဆန်လွယ်ကူသော နည်းပညာများကို ပံ့ပိုးလျှက်ရှိသည်။

Musoni နှင့် ThitsaWorks တို့အကျိုးတူလက်တွဲခြင်းသည် မြန်မာဘာသာဖြင့် ဝန်ဆောင်မှုပေးခြင်း နှင့် Musoni ၏ ပင်မဆော့ဝဲစနစ်ထဲတွင် ဈေးကွက်အတွင်းတွင် သီးသန့်လိုအပ်သည့် မြန်မာ့ဘဏ္ဍာရေးနည်းဥပဒေဆိုင်ရာ အစီရင်ခံစာများ ထည့်သွင်းထားခြင်း ကဲ့သို့သော ကုမ္ပဏီနှစ်ခု၏ အားသာချက်များ အားလုံးကိုပေါင်းစည်းလိုက်ခြင်းဖြစ်သည်။

Musoni ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Cameron Goldie-Scot က “ မြန်မာပြည်မှာ ThitsaWorks နဲ့ အခုလို အကျိုးတူလက်တွဲရတဲ့အတွက် ကျွန်တော်တို့အနေနဲ့အင်မတန်ဝမ်းမြောက်ရပါတယ်။ သူတို့ရဲ့ မြန်မာဈေးကွက်ဗဟုသုတနဲ့အတွေ့အကြုံတွေဟာ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတွေအတွက် ကမ္ဘာ့အဆင့်မီနည်းပညာတွေကို ပံ့ပိုးပေးနေတဲ့ကျွန်တော်တို့ Musoni ရဲ့ လုပ်ငန်းစဉ်တွေနဲ့ သိပ်ကို အံဝင်ခွင်ကျဖြစ်နေပါတယ်။”ဟုဆိုသည်။

တဖန် ThitsaWorks ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးညီငြိမ်းအေးကထပ်လောင်း၍ "အခုအချိန်ဟာ မြန်မာပြည်က ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတွေ အနေနဲ့ဒီဂျီတယ်ဘဏ္ဍာရေး ဝန်ဆောင်မှုတွေကို အဓိကအသုံးပြုဖြစ်ဖို့ အချိန်အခါကျရောက်နေပါပြီ။ အခုလို ThitsaWorks နဲ့ Musoni အကျိုးတူလက်တွဲလိုက်တာ ကနေတဆင့်ဒီကဏ္ဍမှာ ဖြစ်လာမယ့် အကျိုးကျေးဇူးတွေအတွက် ကျွန်တော်တို့အင်မတန်ဂမ်းမြောက်မိပါတယ်။" ဟုဆိုသည်။

**-ပြီး-**

Musoni နှင့် ThitsaWorks ပတ်သက်၍ အသေးစိတ်သတင်းအချက်အလက်များကို
www.musonisystem.com နှင့် www.thitsaworks.com တို့တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။
မြန်မာနိုင်ငံတွင် Musoni စနစ်များကို လိုင်စင်နှင့်တကွ အသုံးပြုလိုသူ အဖွဲ့အစည်းများအနေနှင့်
ThitsaWorks ကို info@thitsaworks.com သို့ အီးမေးလ်ပို့၍သော်လည်းကောင်း
+95-9965732351 သို့ဖုန်းခေါ်၍ သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**Musoni အကြောင်း**

Musoni သည်ကမ္ဘာအရပ်ရပ်ရှိ အဖွဲ့အစည်းပေါင်း (၁၀၀) တွင်အသုံးပြုလျှက်ရှိသည့် Musoni System ဟုခေါ်သော ဆုများအောင်အောင်မြင်မြင်ဆွတ်ခူးရရှိထားသည့် ဘဏ္ဍာရေး ဝန်ဆောင်မှုဆော့ဝဲ (SaaS; Software as a service) ကိုတီထွင်သူ ကုမ္ပဏီဖြစ်သည်။ ယင်းဆော့ဝဲသည် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများကို ပိုမိုထိရောက်တွင်ကျယ်စွာ လုပ်ငန်းဆောင်ရွက် လာစေနိုင်ခြင်း၊ ကုန်ကျစရိတ်များ ပိုမိုသက်သာလာစေခြင်း၊ ဘဏ်လုပ်ငန်း ဆိုင်ရာဝန်ဆောင်မှုများ၏ အကျိုးကို မခံစားရသေးသောဝေးလံခေါင်ဖြားသော အရပ်ဒေသများမှ အများပြည်သူထိရောက်အောင်ဝန်ဆောင်မှုများ ပေးနိုင်စေခြင်းတို့ဖြင့် ဆက်တိုက်အကျိုးပြုလျှက်ရှိသည်။

**ThitsaWorks အကြောင်း**

ThitsaWorks သည် အခြေခံဘဏ္ဍာရေး နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အများပြည်သူတရပ်လုံးအနေနှင့် အကျိုးခံစားစေရန် နည်းပညာများဖြင့် ပံ့ပိုးလျှက်ရှိသောကုမ္ပဏီဖြစ်သည်။ သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆရာကျွမ်းကျင်ပညာရှင်များ ဦးဆောင်လျှက်ရှိသော ThitsaWorks သည်ကမ္ဘာအရပ်ရပ်ရှိ အဖွဲ့အစည်းများအတွက် သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာတွင် ခေတ်ပြောင်း၍ ဖွံ့ဖြိုးတိုးတက်သော စနစ်များကို ပံ့ပိုးရာတွင် နှစ်ပေါင်းများစွာအတွေ့အကြုံရှိထားသည်။ ThitsaWorks ၏ နည်းပညာဝန်ဆောင်မှုများသည် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရ၊ အသေးစား စီးပွားရေးလုပ်ငန်းများ နှင့် သုံးစွဲသူများအားလုံး ပိုမိုကောင်းမွန်တိကျသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ၊ ၎င်းတို့ကို သတင်းအချက်အလက်များ နှင့် သတင်းအချက်အလက်များ ရယူနိုင်သည့် ဖွဲ့စည်းပုံစနစ်များကိုအားဖြည့်ပံ့ပိုးလျှက်ရှိသည်။

musoni

ThitsaWorks
Powering Financial Inclusion